# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 25, 2019 Volume 15, Number 17


**၂၅.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၂၈၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၃၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၇.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၅.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၈ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၆၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၆၅ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၈၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၇၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၅၁ကျပ် |

## ဖရဲသီးဈေးနှုန်း အနည်းငယ်ပြန်လည်မြင့်တက်လာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကြားရှိ တရုတ်နယ်စပ် ကျင်စန်းကျော့ဂိတ် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ကုန်သွယ်ရေး လုပ်ငန်းမှာ ပုံမှန်အနေအထားတိုင်းပြန်ဖြစ်လာပြီး ဖရဲသီးဈေးနှုန်းလည်း အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း ဒေသတွင်းရှိသစ်သီးပွဲရုံများထံမှ သိရှိရသည်။



အဆိုပါဂိတ် ပြန်လည်ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ယာဉ်ကြောပိတ်ဆို့မှုလျော့သွားကာ အသီးကားများ ပုံမှန်ပြန်လည်ဝင်ရောက်လာပြီး အသီးဈေးနှုန်းမှာလည်း ယခုရက်ပိုင်းတွင် အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်းသိရသည်။

အခြားအသီးဈေးကွက်တွင်လည်း အသီးအမျိုးအစားပေါ်မူတည်၍ ဈေးတက်နေပြီဖြစ်ကာ ဖေဖော်ဝါရီလတွင် တရုတ်နှစ်သစ်ကူးချိန်ရောက်တော့မည်ဖြစ်ခြင်းကြောင့် တောင်သူများအတွက် အဆင်ပြေနိုင်ကြောင်းသိရသည်။

တရုတ်နှစ်သစ်ကူးချိန်ကို စောင့်ပြီးတော့ အသီးတွေကိုရူးထားကြောင်း၊ အခုရက်ပိုင်းသွားရောင်းရတာ အဆင်ပြေကြောင်း၊ ယာဉ်ကြောအရမ်းကြီးမပိတ်ဖို့နဲ့ အသီးတွေမပုပ်ဖို့ဘဲ ဆုတောင်းနေရကြောင်း၊ ဒီအချိန်ရောက်ရင် ဈေးကတော့ ရကြောင်း သီပေါမြို့နယ်မှ ဖရဲစိုက်တောင်သူဦးကျော်မျိုးကပြောသည်။

တရုတ်နှစ်သစ်ကူးနီးလာခြင်းကြောင့် သစ်သီးဈေးလုံးဝပြောင်းသွားခြင်းမျိုးမရှိနိုင်သော်လည်း အနည်းငယ်တက်လာနိုင်ကြောင်း သိရကာ နေရပ်ပြန်သွားကြသည့် ဝယ်လက်အချို့လည်းရှိနေကြောင်းသိရသည်။

Source: https://www.facebook.com/myanmaawba/?ref=page_internal


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## တန်ဖိုးနည်း ဝါးကုလားထိုင်နှင့်ဝါးစားပွဲများ မိုဘိုင်းလ်စနစ်ဖြင့်တိုက်ရိုက်ဖြန့်ချိရောင်းချ



မြန်မာ့ရိုးရာဝါးကုလားထိုင်များနှင့်ဝါးစားပွဲခုံများသည် ရောင်းအားကောင်းပြီး အသုံးများကြသည်။ တန်ဖိုးနည်းဝါးကုလားထိုင်များသည် အလွယ်တကူရွှေ့ပြောင်းနိုင်သည့်အတွက် ဝယ်ယူမှုများပြားခြင်းဖြစ်ပြီး လက်ရှိကာလတွင် ဝါးကုလားထိုင်များကို စက်ဘီးဆိုင်ကယ်များဖြင့်တင်ကာ အိမ်အရောက်တိုက်ရိုက်ဖြန့်ချိရောင်းချမှုများကို တွင်ကျယ်စွာပြုလုပ်လာကြသည်။ စက်ဘီးတစ်စီးဆိုင်ကယ် တစ်စီးလျှင် ဝါးကုလားထိုင်အနည်းဆုံးရှစ်လုံးအထိ တင်ကာရောင်းချကြသည်။ ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၄၅၀၀နှုန်းဖြင့် အိမ်အရောက်ပို့ဆောင်ပေးသည်။ ဝါးကုလားထိုင်နှင့်အတူ ဝါးပစ္စည်းများကို အများအားဖြင့်မျှင်ဝါးဖြင့်ပြုလုပ်ကြသည်။ ဝါးထည်ပစ္စည်းများတွင် ဝယ်ယူသူအကြိုက်ပုံစံအမျိုးမျိုးပြုလုပ်ကြသည်။ ဝါးကုလားထိုင်ပြုလုပ်ရာတွင် တစ်ယောက်ထိုင်ကုလားထိုင်၊ နှစ်ယောက်ထိုင်ကုလားထိုင်၊ သုံးယောက်ထိုင်ကုလားထိုင်များအဖြစ်ပြုလုပ်ကြသည်။ ဝါးစားပွဲများပြုလုပ်ရာတွင် တစ်ထပ်ရိုးရိုးဝါးစားပွဲခုံ၊ နှစ်ထပ်ဝါးစားပွဲခုံများအဖြစ်ပြုလုပ်ရောင်းချကြသည်။ ဝါးကုလားထိုင်နှင့် ဝါးထည်ပစ္စည်းများကို တစ်နှစ်ပတ်လုံးပြုလုပ် ရောင်းချကြသည်။ ဈေးကွက်တွင် မိုးရာသီဈေးကွက်မှာအရောင်းရနည်းပြီး နွေရာသီဈေးကွက်မှာ ရောင်းအား အကောင်းဆုံးဖြစ်သည်။ လက်ရှိကာလတွင် ဆောင်းကုန်ခါနီးဈေးကွက်အတွက် ဝါးပစ္စည်းများကို တွင်ကျယ်စွာ ပြုလုပ်ရောင်းချလျက်ရှိသည်။

ဝါးကုလားထိုင်နှင့်ဝါးအိပ်စင်များ ပြုလုပ်ရာတွင်အရွယ်အစား အလိုက်အနည်းဆုံးဝါးလေးလုံးမှ ခြောက်လုံးအထိ အသုံးပြုရပြီး ဝါးပစ္စည်းထုတ်လုပ်သူများမှာ တစ်နေ့လျှင် တစ်ယောက်ကုလားထိုင်ငါးလုံးမှ ခြောက်လုံးအထိပြီးကြသည်။ အများအားဖြင့်ဝါးပစ္စည်းများကို နှစ်ယောက်တစ်တွဲပြုလုပ်ကြသည်။ လက်ရှိကာလတွင် ဝါးကုလားထိုင်များကို ဆိုင်ကယ်များဖြင့်တင်ဆောင်ကာ မိုဘိုင်းလ်စနစ်ဖြင့် ရောင်းဝယ်မှုများလာသည်။ ဝါးကုလားထိုင်သုံး ယောက်ထိုင်ခုံ တစ်လုံးလျှင် ငွေကျပ် ၇၀၀၀ မှ ၇၅၀၀၊ နှစ်ယောက်ထိုင်ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၄၅၀၀၊ နှစ်ထပ်ဝါးစားပွဲ တစ်လုံးလျှင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀၊ တစ်ယောက်ထိုင်ရိုးရိုး ဝါးကုလားထိုင်တစ်လုံးလျှင် ငွေကျပ် ၂၅၀၀မှ ၃၀၀၀၊ ဝါးအိပ်စင်တစ်ခုလျှင်ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ဖြင့်ရောင်းချကြသည်။ ဝါးကုလားထိုင်များ၊ ဝါးအိပ်စင်များနှင့်အတူ ထန်းလက်ကုလားထိုင်များကိုပါ တွဲဖက်ပြုလုပ်ရောင်းချမှုများလည်းရှိကြောင်းသိရသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=119542&path=Business.aspx

## နယူးဇီလန်နိုင်ငံအကူအညီဖြင့် နွားနို့တစ်ပိဿာလျှင် ကျပ်တစ်ထောင်ဖြင့်ဝယ်ယူမည့် စခန်းတစ်ခုဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီးတံတားဦးမြို့နယ်တွင် နယူးဇီလန်နိုင်ငံအကူအညီဖြင့် နွားနို့တစ်ပိဿာလျှင် ကျပ်တစ်ထောင်ဖြင့်ဝယ်ယူပေးမည့် စခန်းတစ်ခုကိုဖွင့်လှစ်ရန်စီစဉ်လျက်ရှိကြောင်း နို့စားနွားလုပ်ငန်းရှင်များထံကသိရသည်။ မန္တလေးတိုင်းအတွင်းရှိ ထွက်ရှိသောနွားနို့များအား တစ်ပိဿာလျှင် ကျပ် ၇၅၀ ခန့်ဖြင့်သာ အဝယ်ဒိုင်ကြီးများကဝယ်ယူနေခြင်းမှာ တစ်နိုင်တစ်ပိုင်နွားနို့ရောင်းချသူများနှင့် လက်ကားသွင်းသည့် နို့ထုတ်လုပ်သူများမှာ အဆင်မပြေသဖြင့် ယခုကဲ့သို့ စခန်းတစ်ခုဖွင့်လှစ်ရန် စီစဉ်ခြင်းဖြစ်သည်။ နို့တစ်ပိဿာကိုလက်ကားဈေးက ကျပ်၇၅၀ ပဲပေးတော့ နို့ထုတ်လုပ်တဲ့သူတွေက အဆင်မပြေကြတော့ဘူး။ ဒါကြောင့် နယူးဇီလန်နိုင်ငံနဲ့ပူးပေါင်းပြီး ဝယ်ယူတဲ့နေရာ တစ်ခုကိုပြုလုပ်ဖို့စီစဉ်တာဖြစ်ပါတယ်။ အခုတော့ လေ့လာမှုတွေလုပ်နေပြီဟု နို့စားနွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပြည်တွင်းနို့ထုတ်လုပ်ခြင်းများအတွက် လေ့လာမှုများပြုလုပ်ကာ အရည်အသွေးပိုင်းကိုသိရှိစေရန် ဓာတ်ခွဲစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်များထဲမှာ လိုအပ်သည်များကို ပြင်ဆင်ကာ နို့အရည်အသွေးမြင့်လာစေရန် လုပ်ဆောင်ခြင်းတို့ကိုပြုလုပ်ပြီး အရည်အသွေး မြင့်လာသည်နှင့်အမျှ သတ်မှတ်ဈေးနှုန်းတစ်ခုကို ရရှိလုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိပူးပေါင်းသည့် နယူးဇီလန်နိုင်ငံမှာ ကမ္ဘာတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းဖြင့် အောင်မြင်နေသောနိုင်ငံဖြစ်ခြင်းကြောင့် ၎င်းတို့မှနည်းပညာများ၊ ဈေးကွက်ပိုင်းဆိုင်ရာများကိုရရှိကာ နို့လုပ်ငန်းပိုမိုကျယ်ပြန့်လာစေရန် ယခုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်သည်။ နယူးဇီလန်နိုင်ငံမှ မွေးမြူမှုပုံစံများကို သိရှိစေရန်အတွက် ဖေဖော်ဝါရီထဲတွင် အဆိုပါနိုင်ငံသို့ မြန်မာနိုင်ငံမှမွေးမြူသူ ၁၀ ဦးခန့် သွားရောက်လေ့လာသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=119597&path=InternationalNews.aspx

## ရော်ဘာထုတ်လုပ်မှု တိုးတက်လာသော်လည်း တရုတ်အဝယ်နည်းသဖြင့်ဈေးကျ

ရော်ဘာထုတ်လုပ်မှုတိုးတက်လာသော်လည်း တရုတ်အဝယ်လျော့နည်းသဖြင့် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများထံမှ သတင်းရရှိသည်။ လက်ရှိတွင် ပြည်တွင်းရော်ဘာထုတ်လုပ်မှု တိုးများလာသော်လည်း တရုတ်ဝယ်လက်များ၏ ဝယ်လိုအားလျော့နည်းလာခြင်းကြောင့် ရော်ဘာဈေးနှုန်းကျဆင်းနေခြင်းဖြစ်ကြောင်းသိရသည်။ မွန်ပြည်နယ်ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူဦးတင်လှက ရော်ဘာဈေးနှုန်းက အရင်ပြီးခဲ့တဲ့နှစ်တွေမှာ တစ်ပေါင် ကို ၁၃၀၀ ကျပ်၊ ၁၀၀၀ ကျပ်လောက်ရခဲ့ပေမယ့် အခုနှစ်စတည်းက ကျပ် ၇၀၀ ကျော်ပဲရှိနေတယ်။ ဈေးကမတက်လာတော့ဘူး။ ထုတ်လုပ်မှုများတယ်။ အရည်အသွေးကောင်းတွေလည်းရှိလာပေမယ့် တရုတ်နှစ်ကူးကလည်းရှိနေတော့ တရုတ်ဘက်က အဝယ်လျော့တယ်။ ဒါတွေကြောင့် ဈေးကကျနေတယ်လို့ ဇန်နဝါရီ ၂၄ ရက်က ဒီမိုကရေစီတူဒေးသို့ပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြည်တွင်းရော်ဘာဈေးနှုန်းများသည် တစ်ပေါင်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်အထိရရှိခဲ့သော်လည်း လက်ရှိတွင် တစ်ပေါင်လျှင် ကျပ် ၇၅၀ ခန့်သာရရှိကြောင်းသိရသည်။ ဈေးကဒေသပေါ်မူတည်ပြီးကွဲပြားကြောင်း၊ လက်ရှိမှာ တစ်ပေါင် ကျပ် ၇၀၀ နဲ့ ၈၀၀ ကျပ်ကြားမှာသာရရှိကြောင်း၊ တရုတ်နှစ်ကူးပြီးရင်တော့ တရုတ်ဝယ်လက်တွေပြန်ဝင်လာတဲ့အခါ ဈေးကပြန်တက်မယ့်အနေအထားရှိကြောင်း၊ ရော်ဘာတွေ ဈေးကောင်းရရှိပေမယ့် လုပ်သားရှားပါးတာကို ရော်ဘာလုပ်ငန်းရှင်တွေအားလုံး ခံစားနေရကြောင်းပြောသည်။

ပြည်တွင်းရော်ဘာလုပ်ငန်းများ၏ လုပ်သားအများစုမှာ ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့သွားရောက်လုပ်ကိုင်ခြင်းများကြောင့် ရော်ဘာလုပ်ငန်းများတွင် လုပ်သားရှားပါးမှုအခက်အခဲများဖြင့် ကြုံတွေ့နေရခြင်းဖြစ်ပြီး၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများတွင် နည်းပညာ၊ ငွေကြေးအရင်းအနှီးအခက်အခဲကြောင့် အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်နိုင်မှုမှာလည်း နည်းပါးနေသေးကြောင်းသိရသည်။ မွန်ပြည်နယ်ကျိုက်မရောမြို့ရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ဦးခင်မောင်ဝင်းက အလုပ်သမားက လုပ်ခများရင်ရရှိမှာဖြစ်ပေမယ့် လုပ်ငန်းရှင်ဘက်ကြည့်ရင် နိုင်ငံခြားနဲ့ယှဉ်ပြီး ပေးခေါ်ဖို့ဆိုတာ မဖြစ်နိုင်ကြောင်း၊ အရည်အသွေးကောင်း ရော်ဘာထုတ်လုပ်ဖို့က နည်းစနစ်၊ နည်းပညာ၊ အသိဖွံ့ဖြိုးဖို့ လိုအပ်နေတာတွေရှိပါတယ်။ တ ချို့နည်းပညာတွေက ငွေကြေးရှိမှ ဆောင်ရွက်လို့ရမှာဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ မလုပ်ကိုင်နိုင်တာရှိတယ်။ စီမံကိန်းတွေ အများကြီး နိုင်ငံတကာကအကူအညီတွေ ရရှိနေချိန်မှာ ဒါကိုလည်း နိုင်ငံတကာအကူအညီတောင်းခံပြီး စီမံကိန်းတစ်ခုအနေနဲ့ တောင်သူတွေကို ကူညီပေးဖို့အစိုးရအနေနဲ့ ဆောင်ရွက်ပေးစေချင်ကြောင်းပြောခဲ့သည်။ ရော်ဘာထုတ်လုပ်ရာတွင် အစေးအရည်မှစတင်၍ ရော်ဘာမှိုင်းခံပြားထုတ်လုပ်သည့် အဆင့်အားလုံးတွင် စနစ်ကျနမှုမရှိခြင်း၊ တစ်ဆင့်ချင်းထုတ်လုပ်ရမည့်အဆင့်များကို မလိုက်နာခြင်း၊ ရော်ဘာကို အခဲပြုလုပ်ရာတွင် အသုံးပြုရမည့် အက်ဆစ်မဟုတ်ဘဲ အက်ဆစ်မျိုးစုံ၊ ဓာတ်မြေသြဇာများ အသုံးပြုခဲ့ခြင်းစသည်များကြောင့် အရည်အသွေးနိမ့်သော ရော်ဘာများထုတ်လုပ်နေသည့်အပေါ် အရည်အသွေးကောင်း ရော်ဘာများထုတ်လုပ်နိုင်စေရန်အတွက် ရော်ဘာအသင်းများအနေဖြင့် နည်းပညာ၊ အသိပညာ ပေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/11347-

## ယခုနှစ် ငါး၊ ပုစွန်အစာကုန်ကြမ်းများ ဈေးနှုန်းမြင့်တက်

ငါး၊ ပုစွန် အစာကုန်ကြမ်းဈေးနှုန်းများ ယခုနှစ်ဇန်နဝါရီလတွင် ယခင်နှစ်ထက်မြင့်မားနေပြီး ငါးမွေးမြူသူများ အရှုံးပေါ်နေသည့်အတွက် ငါးမွေးမြူရေးကဏ္ဍကို အားလုံးပူးပေါင်းပြီးဆောင်ရွက်မှသာ အစာဈေးနှုန်းထိန်းနိုင်ပြီး ငါးဈေးပြန်လည်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ကုန်ကြမ်းဈေးနှုန်းက ၂၀၁၇ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်ထက် အားလုံးဈေးနှုန်းတက်ကြောင်း၊ ကျတဲ့ကုန်ကြမ်းမရှိ ကြောင်း၊ အထူးသဖြင့် ဖွဲနုဆိုရင် ၂၀၁၇ ခုနှစ် ဇန်နဂါရီလက တစ်ပိဿာကို ငွေကျပ် ၃၉၆ ကျပ်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှာ ငွေကျပ် ၃၂၄ ကျပ်၊ ၂၀၁၉ ခုနှစ်မှာ ငွေကျပ် ၄၁၄ ကျပ်ရှိပြီး ပစ္စည်းကသိပ်မထွက်ကြောင်း၊ သယ်စရိတ်တွေက ပြီးခဲ့တဲ့နှစ်တွေထက် ဒီနှစ်မှာတအားတက်ကြောင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသက်မှူးကပြောသည်။

ငါး၊ ပုစွန် အစာကုန်ကြမ်းဈေးနှုန်းသည် ရာသီဥတုအခက်အခဲကြောင့် ဈေးတက်သကဲ့သို့ ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၏ဝယ်လိုအားမြင့်နေသည့်အချက်များကြောင့်လည်း အစာကုန်ကြမ်းအားလုံး၏ ဈေးနှုန်းသည် ယခုနှစ်တွင် တက်နေခြင်းဖြစ်ကြောင်း၊ ပဲဖတ်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ငွေကျပ် ၁၁၅၀ ဖြစ်ပြီး ယခုနှစ်တွင် ပဲဖတ်ဈေးနှုန်းမှာ ငွေကျပ် ၁၂၅၀ အထိ တက်သွားကြောင်းသိရသည်။

**Source:** https://myawady-myawady.blogspot.com/2019/01/

## ကျောက်စိမ်းအချောထည် ကမ္ဘာ့ဈေးကွက်ရဖို့ ဥရောပအကြိုက်လက်ရာဖြစ်ဖို့လို



ပြည်တွင်းထုတ် ကျောက်စိမ်းအချောထည်ကို ကမ္ဘာ့ဈေးကွက်ဝင်ဖို့ ဥရောပကဝယ်သူတွေ ကြိုက်နှစ်သက်တဲ့ လက်ရာဖြစ်ဖို့လိုတယ်လို့ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောပါတယ်။ ဥရောပကနှစ်သက်မယ့် လုပ်ငန်းလေးတွေ ဖော်ဆောင်နိုင်မယ်ဆိုရင် ကောင်းကြောင်း၊ တရုတ်ပြည်တစ်ခုတည်း အားကိုးလို့မရကြောင်း မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းရဲ့ မုခ်ဦးသစ်နဲ့ ပုံကျခြင်းဝိုင်းဖွင့်ပွဲမှာပြောပါတယ်။

မန္တလေးမြို့မှာ မဟာအောင်မြေကျောက်ဝိုင်းဟာ နာမည်ကြီးကျောက်ဝိုင်းဖြစ်ပြီးတော့ ဥပဒေနဲ့ကာကွယ်စောင့်ရှောက်ပေးနိုင်တယ်လို့လည်း ဝန်ကြီးချုပ်ကဆိုပါတယ်။ မန္တလေးမှာ မဟာအောင်မြေကျောက်ဝိုင်းက အရင်ကလဲနာမည်ကြီးခဲ့တယ်၊ ကာကွယ်ပေးဖို့စောင့်ရှောက်ပေးဖို့လိုတယ်၊ ဒီအတွက် ဥပဒေအရကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ်၊ ပါဝင်ပတ်သက်သူအားလုံးက ညီညီညွတ်ညွတ်နဲ့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ပေးကြပါ၊ ကျွန်တော်တို့နိုင်ငံကထွက်တဲ့ သဘာဝအရင်းအမြစ်တွေနဲ့ ပတ်သက်လာရင်ပြပွဲတွေလုပ်ကြတယ်၊ နိုင်ငံတိုင်းမှာလဲလုပ်တဲ့ လုပ်ငန်းစဉ်ဖြစ်တယ်၊ ကမ္ဘာသိအောင်ပုံမှန်လုပ်နိုင်အောင် သူတို့ပြောတဲ့ calendar သုံးတာပေါ့လို့ ဝန်ကြီးချုပ်ကပြောပါတယ်။

မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းရဲ့ မုခ်ဦးသစ်နဲ့ပုံကျခြင်းဝိုင်းဖွင့်ပွဲကို ကျောက်စိမ်းကျောက်မျက်ရတနာမိသားစုများနဲ့ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်ကော်မတီတွေက ဦးစီးပြီးဖွင့်ပွဲပြုလုပ်ခဲ့ပါတယ်။ ဖွင့်ပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့က ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း ပုံကျ (အခင်းဝိုင်း) အသစ်တည်ဆောက်ရာမှာ ဆိုင်ခန်း ပေါင်း ၆၁၆ ခန်းရှိပြီးတော့ အရင်အထောက်အထားရှိသူ ၅၈၃ ဦး ရှိကာ ပိုတဲ့ အခန်း ၃၃ ခန်းကို လျှောက်ထားသူ ၈၅၁ ဦးကို မဲစနစ် နဲ့ ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်နေ့က မဲဖောက်ပေးခဲ့တယ်လို့သိရပါတယ်။ လက်ရာတွေကောင်းမှသာ ဈေးကွက်ကောင်းလာပြီး အစိုးရအတွက်လည်း အခွန်အခရရှိမှာဖြစ်တယ်လို့ ဝန်ကြီးချုပ်က ဆိုပါတယ်။

**Source:** https://www.kumudranews.com/news-32010?fbclid=IwAR1dJSYWcXetswGJA2ByDJP54OVjjf3oBivGH_qQtmkKUe5GDmwstL4oItQ

## မိုးကြက်သွန်နီများကို တရုတ်မှ စတင်ဝယ်ယူလာ



ယခုလအတွင်း ထွက်ရှိလာသည့် မိုးကြက်သွန်နီများကို တရုတ်နိုင်ငံဘက်မှ စတင်ဝယ်ယူမှုရှိလာကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကြက်သွန်ကုန်သည်များထံမှ သတင်းရရှိသည်။ သို့သော် တရုတ်နိုင်ငံမှ မိုးကြက်သွန်နီများကို ပိဿာချိန်များစွာ ဝယ်ယူခြင်းမဟုတ်သော်လည်း၊ တရုတ်နှစ်သစ်ကူးပွဲတော်ပြီးဆုံးပါက ပိုမိုဝယ်ယူလာမည်ဟု ခန့်မှန်းထားကြောင်း မြစ်သားမြို့နယ်မှ ကြက်သွန်ကုန်သည် ဦးဆန်းဝင်းက ပြောသည်။

လောလောဆယ် တရုတ်ဘက်က ကြက်သွန်ဝယ်တာက အရည်အသွေးသိချင်လို့ ဝယ်တာဖြစ်နိုင်ကြောင်း၊ သူတို့နှစ်သစ်ကူးနီးလာလို့ အရောင်းအဝယ်ကြီးကြီးမားမား မလုပ်ချင်သေးတာလည်း ဖြစ်နိုင်ကြောင်း ဦးဆန်းဝင်းကဆိုသည်။ လတ်တလောတွင် မန္တလေးမြို့ ကြက်သွန်နီဈေးကွက်သို့ မြစ်သားမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးဘက်မှ မိုးကြက်သွန်နီများ ဝင်ရောက်မှုရှိလာကြောင်းသိရသည်။ အခုပေါ်တဲ့ မိုးကြက်သွန်အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရမှာဖြစ်ကြောင်း၊ ကိုယ့်ဘက်က ကြက်သွန်က အရည်အသွေးမကောင်းရင်တော့ တရုတ်ဘက်ကဝယ်မှာမဟုတ်ကြောင်း၊ မနှစ်ကလိုမဖြစ်ဖို့လိုကြောင်း မန္တလေးမြို့မှကြက်သွန်ကုန်သည် ဦးမြင့်ဝင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၈ အတွင်းက မိုးကြက်သွန်များပေါ်ချိန်တွင် မိုးကြက်သွန် အရည်အသွေးမကောင်းသဖြင့် တရုတ်နိုင်ငံဘက်မှ အဝယ်နည်းပါးခဲ့သည့်အတွက် ကြက်သွန်တောင်သူများ အရှုံးပေါ်ခဲ့ကြောင်းသိရသည်။ လက်ရှိတွင် မန္တလေးမြို့ ကြက်သွန်ဈေးကွက်သို့ ကြက်သွန်ပိဿာချိန် တစ်သိန်းခန့် နေ့စဉ်ဝင်ရောက်နေကြောင်းနှင့် ကြက်သွန်ဈေးမှာ တစ်ပိဿာလျှင် ၆၀၀ ကျပ်မှ ၁,၀၀၀ ကျပ်ဝန်းကျင်ထိရှိနေကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5785

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ၃၅ ရာခိုင်နှုန်းခန့်လျော့နည်း

မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်နိုင်ငံသို့ကုန်ပစ္စည်းတင်ပို့မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ၃၅ ရာခိုင်နှုန်းခန့်လျော့နည်းကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး တစ်ဦးကပြောသည်။ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအစီအစဉ်ဖြင့် ယူနန်အစိုးရက နယ်စပ်တွင်လုံခြုံရေး တိုးမြှင့်ချထားပြီးနောက် နှစ်နိုင်ငံ မြန်မာပို့ကုန်ပမာဏလျော့နည်းခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ဘဏ္ဍာနှစ်သစ်စတင်ချိန် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဇန်နဝါရီ ၁၀ ရက်အထိနယ်စပ်မှ တရုတ်နိုင်ငံသို့ မြန်မာပို့ကုန်ပမာဏ ကန်ဒေါ်လာသန်း ၆၇၀ ခန့်သာ တင်ပို့နိုင်သည်။ ၂၀၁၇ - ၁၈ ဘဏ္ဍာနှစ်အတွင်း နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့နိုင်သည့် ပမာဏဖြင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ သန်း ၅၃၀ကျော် လျော့နည်းခဲ့သည်။

ယူနန်အစိုးရအနေဖြင့် နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းနေမှုတားဆီးပြီး တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းဖြင့်သွားလိုကြောင်း တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း ကိုယ်စားလှယ်ရုံး ဒါရိုက်တာမစ္စတာ Li Qigui က ပြောသည်။သို့သော် ရောင်းဝယ်ခွန် ၁၃ ရာခိုင်နှုန်း အပါအဝင် အခြားအခွန်များက တရားဝင် ကုန်ပစ္စည်းဝယ်ယူမှုကို အတားအဆီးဖြစ်နေသည်။ ထို့ကြောင့် မြန်မာ့လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်အများစုကို တရုတ်ကုန်သည်များက တရားမဝင်ဝယ်လိုကြောင်း မူဆယ်မြို့ရှိကုန်သည်အချို့ကပြောသည်။

နှစ်နိုင်ငံ ကုန်သွယ်ရေးချောမွေ့စေရန်နှင့် တရုတ်နိုင်ငံသို့ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန်မြန်မာနိုင်ငံဘက်က တောင်းဆိုထားသော်လည်း လက်ရှိအထိ ထူးခြားမှုမရှိသေးပေ။ နှစ်နိုင်ငံအောက်ခြေအစိုးရ ညှိနှိုင်းမှုဖြင့် ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သောင်းခွဲနှင့် ပြောင်းဖူးစေ့ တန်ချိန်တစ်သောင်းကို လုပ်ငန်းရှင်အချင်းချင်း သဘောတူညီမှုဖြင့် တရုတ်ကုန်သည်များက တရားဝင်ဝယ်ယူခဲ့သည်။ လက်ရှိအချိန်သည် တရုတ်နှစ်သစ်ကူးပိတ်ရက်နီးလာသဖြင့် ကုန်သွယ်ရေးလုပ်ငန်းများ နှေးကွေးလာသည်ဟု မူဆယ်မြို့ရှိကုန်သည်အချို့ကပြောသည်။

**Source:** http://www.7daydaily.com/story/148319

## မြန်မာနယ်စပ်မှာ စီးပွားရေးဇုန်တခုတည်ထောင်ဖို့ တရုတ်ကြိုးစား




တရုတ်မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန်တခုကို နှစ်နိုင်ငံနယ်ခြားဒေသမှာ စတင်ထူထောင်နေပြီလို့ တရုတ်အစိုးရအာဘော် Global Times သတင်းမှာ မနေ့ကဖော်ပြပါတယ်။ အဲဒီဇုန်မှာ ကုန်ထုတ်လုပ်မှုအပါအဝင် တခြားကဏ္ဍတွေလည်း ဦးစားပေးမယ်လို့ ဆိုပါတယ်။ မြန်မာပြည်အပေါ် တရုတ်ရဲ့ပါဝင်ပတ်သက်မှုအပေါ် စိုးရိမ်မှုတွေရှိနေချိန်မှာ ဒီစီမံကိန်းက နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရေးအတွက်အစီအစဉ်ကောင်း ဖြစ်နိုင်ချေရှိတယ်လို့ဆိုပါတယ်။

မြန်မာအစိုးရက တိုင်းပြည်စီးပွားရေးကို ပြန်လည်ထူထောင်ဖို့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ လိုလားနေချိန်မှာတရုတ်ပြည်ကလဲ နိုင်ငံတကာမှာ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ဖို့ကြိုးစားနေချိန်ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့ အထင်အမြင်လွဲမှားမှုတွေရှိနေတယ်။ ဒီအခြေအနေတွေက ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှုတွေကို မသေမချာဖြစ်စေတယ်လို့လည်း ဆိုပါတယ်။မြန်မာနိုင်ငံဟာ အနောက်ကမ္ဘာနဲ့ ဆက်ဆံရေးပြန်လည်တည်ဆောက်နေပါတယ်။ ဒီအတောအတွင်းမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေက မြန်မာ့စီးပွားရေးနလန်ထူဖို့ အကျိုးဖြစ်စေပေမယ့် ပြည်သူတချို့က နားလည်မှုလွဲနေတယ်လို့ Global Times သတင်းမှာ ရေးသားထားပါတယ်။

**Source:** https://www.facebook.com/rfaburmese/

**Motor show aims to boost Myanmar car industry**

The Yangon International Motor Show has opened in the commercial capital, aimed at boosting the automotive industry in the country. The exhibition opened from January for five days at the Yangon Convention Centre. It will feature international brands including BMW, Toyota, Ford, Scania and Suzuki. "Our event showcases the latest vehicles from top automotive brands currently avail-able in Myanmar along with the latest design concepts, technologies, and innovations currently shaping automotive markets across the world," according to Anothai Eamlumnow, president of the Yangon International Motor Show. Myanmar's automotive industry has seen significant growth in recent years. However, a lack of clear policy has stifled expansion more recently. The government's most recent program, the Yangon Vehicle Quota Certificate (YVQC), allows buyers to bid for a certificate. It means that they can apply for a licence to import their own vehicle into Yangon.

**Rakhine government aims to boost investment**

Rakhine State government will hold an investment fair at Ngapali Beach, in the south of the state, in February. It is aimed at promoting trade mainly in the are-as of tourism, fisheries and agriculture. "Our aim is to generate investor interest in Rakhine State and draw more funds for development," U Nyi Pu, Rakhine State Chief Minister, was quoted as saying. "We are trying to solve the conflict through economic development and new investments," he said. The Rakhine State Investment Fair will take place from February 21 to 23. It is being organised by the state government, with support from Japan. Officials hope to attract investment in tourism at Ngapali Beach, in Thandwe Township, as well as at Mrauk-U, famed for its ancient temples, and the beach destinations of Gwa and Kyeintali. Meanwhile, in the area of fisheries, capital is required to build, upgrade and expand fish farms and processing factories. A boost in the agricultural sector requires investment in technology and converting existing farmland. The farmland can then be used as agri and aquaculture zones. Other industries that offer potential in the state include garment manufacturing, power generation and distribution, education, healthcare and infrastructure, the article said. Nyi Pu wanted to point out to potential investors that only some parts of Rakhine State are impacted by violence.

TIR

**Yoma Land begins sale of City Loft apartments**

Yoma Land has announced that units of its City Loft apartments have opened for sale at Star City. The housing project aimed at middle-class buyers, is in Thanlyin Township, on the outskirts of Yangon. Phase one of the project is expected to be completed early next year. The units will start at MMK 42 million (US$27,000). In the Myanmar Times article, Serge Pun said that a jetty will soon open at Star City. It will provide a ferry service to and from downtown Yangon. Pun was also quoted as saying that the Thanlyin area will likely see rapid transformation in the coming years. "The northern area of Yangon expanded in the past but now Thanlyin and Thilawa in the west will undergo rapid development," he said.

**CITIC and MAPCO form agri-business centres and rice mills**

China's CITIC Construction, a subsidiary of the state-owned CITIC Group, has partnered with the Myanmar Agribusiness Public Corporation (MAPCO). The project is worth US$ 500 million, involving high-end rice mills and agri-business service centers across the country, according to an article in Dealstreet Asia. The rice mills will be located in Twante Township, Nay Pyi Taw, Kyauktaw, Rakhine State and Myaung Mya Township. "The establishment of the high-end rice mills will boost both the local and export market," said Ye Min Aung, managing director of MAPCO. He added that the project is expected to begin

this year. The agri-business service centers will also be constructed in 33 townships across the country. He also said that the company welcomed.

Source: Thura Swiss News (Issue 350 Jan 24, 2019)

## STOCK EXCHANGE (25.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,800 | 9,000 | 8,800 | 1,387 | 12,211,200 | 27,112,747 | 244,015 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 1,510 | 4,304,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 2 | 5,500 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.05 | +3.97 | +1.06% | 376.08 | 380.05 | 376.08 | 2,899 | 16,520,700 | 5 | 518,860 |


**Index chart**




## Market Overview

As of 1:00 pm, 25th Jan. 2019

| MYANPIX | 380.05 ▲ 3.97 |
|---|---|
| Total Volume (shares) | 2,899 |
| Total Value (MMK) | 17 mil |
| Listed Company | 5 |
| Market Cap. (MMK) | 518,860 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |